၁၃၂၉ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၇ ရက်။
(၁၉၆၇ ခုနှစ်၊ စက်တင်ဘာလ ၂၅ ရက်။)

အောက်ဖော်ပြပါဥပဒေကို ထုတ်ပြန်ကြေညာသည်။

# ၁၉၆၇ ခုနှစ်၊ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေ။

[ ၁၉၆၇ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥပဒေအမှတ် ၃။]

ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌသည်၊ အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ။(၁) ဤဥပဒေကို၊ ၁၉၆၇ ခုနှစ်၊ နောက်ထပ် ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေး ဥပဒေဟု ခေါ်တွင်စေရမည်။

(၂) ဤဥပဒေသည်၊ ချက်ခြင်းအကျိုးသက်ရောက်ရမည်။

၂။ ။(၁) ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရ ဘဏ္ဍာရေးဌာန တာဝန်ခံသည်၊ အောက်ပါဇယားများတွင် ဖော်ပြထားသော သက်ဆိုင်ရာအသုံးစရိတ်များကို တစုတပေါင်းတည်းသော ပြည်သူ့ဘဏ္ဍာရံပုံငွေမှ ထုတ်ယူ၍ ၁၉၆၆ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှ ၁၉၆၇ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့အထိ ကာလအတွင်း သုံးစွဲနိုင်သည်။

(၂) ပုဒ်မခွဲ (၁) တွင် ခွင့်ပြုထားသည့် ဘဏ္ဍာငွေ ခွဲဝေသုံးစွဲခြင်းသည်၊ ၁၉၆၆ ခုနှစ်၊ ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေ (၁၉၆၆ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥပဒေအမှတ် ၅) အရ၊ ခွင့်ပြုထားသည့် ဘဏ္ဍာငွေ ခွဲဝေသုံးစွဲခြင်းအပြင်၊ နောက်ထပ်သုံးစွဲခြင်း ဖြစ်သည် ဟူ၍ မှတ်ယူရမည်။

## ပြည်ထောင်စု၏အသုံးစရိတ်စာရင်း

| ငွေစာရင်းအုပ်စုခေါင်းစဉ်အမည် | ခွဲဝေသည့်ငွေ | |
|---|---|---|
| | နောက်ထပ်ခွင့်ပြုငွေ | "စတိ" ခွင့်ပြုငွေ |
| | ကျပ် | ကျပ် |
| ငွေလုံးငွေရင်းအသုံးစရိတ် | | |
| ပညာရေး .... .... | ၃၀,၃၅,၀၈၀ | ၈၀ |
| သယ်ယူပို့ဆောင်ရေးနှင့်လမ်းပန်းဆက်သွယ်ရေး | ၅၀,၀၀၀ | ၁၀ |
| ပေါင်း .... | ၃၀,၈၅,၀၈၀ | ၉၀ |

# အစိုးရလက်အောက်ခံဘုတ်အဖွဲ့၊ ကော်ပိုရေးရှင်း၊ ကောင်စီ၊ ကော်မီတီ၊ ဘဏ်နှင့်အခြားအဖွဲ့အစည်းများ၏ အသုံးစရိတ်စာရင်း

| အဖွဲ့အစည်းအမည် | ခွဲဝေသည့်ငွေ | |
|---|---|---|
| | နောက်ထပ်ခွင့်ပြုငွေ | " စတိ "ခွင့်ပြုငွေ |
| | ကျပ် | ကျပ် |
| <u>သာမန်အသုံးစရိတ်</u> | | |
| စက်မှုလက်မှု တိုးချဲ့လုပ်ကိုင်ရေး ကော်ပိုရေးရှင်း | ၂၃,၇၇,၄၀၀ | ၁၀ |
| ဗုဒ္ဓသာသနာ့ကောင်စီ .... .... | ၅,၀၀၀ | ၁၀ |
| <u>ငွေလုံးငွေရင်းအသုံးစရိတ်</u> | | |
| မြေယာကျေးလက်ကြီးပွါးတိုးတက်ရေး ကော်ပိုရေးရှင်း။ | ၃,၀၀,၀၀၀ | ၁၀ |
| ရန်ကုန်ဆိပ်ကမ်းအုပ်ချုပ်ရေးဘုတ်အဖွဲ့ .... | ၃,၆၆,၆၇၀ | ၁၀ |
| စက်မှုလက်မှု တိုးချဲ့လုပ်ကိုင်ရေးကော်ပိုရေးရှင်း | ၃၁,၄၁,၀၀၀ | ၂၀ |
| ပြည်သူ့ရေနံလုပ်ငန်းအဖွဲ့ .... | ၄,၀၅,၀၀၀ | ၁၀ |
| <u>ငွေရေးကြေးရေးအသုံးစရိတ်</u> | | |
| စက်မှုလက်မှု တိုးချဲ့လုပ်ကိုင်ရေးကော်ပိုရေးရှင်း | ၁၂,၉၅,၀၃၀ | ၁၀ |
| ပေါင်း .... | ၇၉,၇၀,၉၀၀ | ၈၀ |

မိုလ် နေဝင်း၊
ဥက္ကဋ္ဌ၊
ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ၊

နေပြည်တော်၊ ရန်ကုန်မြို့၊ ၁၃၂၉ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၇ ရက်။
(၁၉၆၇ ခုနှစ်၊ အောက်တိုဘာလ ၂၅ ရက်။)

အမိန့်အရ၊
မိုလ်မှူးကြီး ကိုကို၊
အတွင်းဝန်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရအဖွဲ့